**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုညီအစည်းအဝေး မှတ်တမ်း (စက်တင်ဘာလ ၁၅ ရက်၊ ၂၀၂၀)**

**နေရာ။ ။ Online Zoom Meeting**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီအထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၁၇)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၈) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးရန်နိုင်ဌေး (CBI) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| Discussion Point |
|---|
| **ကောင်းသောသိုးထိန်းမြန်မာဖောင်ဒေးရှင်း**<br><br>• မေမြို့က မျက်မမြင်သင်တန်းကျောင်းတစ်ခုက အသံအလှူခံထားတာကို မျှဝေလိုကြောင်း ဒေါ်လူစီအောင်ရှန်းက ပြောကြားခဲ့သည်။ ဆရာတော် ဦးညေယျ ဦးဆောင်ဖွဲ့စည်းထားပြီး မျက်မမြင် ကျောင်းသားကျောင်းသူ ၁၃၀ဦး ခန့်ရှိပြီး အသက် ၅နှစ်မှ ၂၅နှစ်အတွင်းဖြစ်ကြောင်း၊ စာပေ၊ လက်မှုပညာ၊ ဂီတ၊ အနိုပ်ပညာ၊ ဗေဒင်ပညာ သင်တန်းများကို သင်ကြားပေးကြောင်း၊ အသံလှူလိုသူများအနေဖြင့် ဆက်သွယ်နိုင်ကြောင်း၊ Viber မှတဆင့် သင်တန်းကျောင်းက ဖတ်စေလိုသော စာအုပ်များကို ပို့ပေးမှာဖြစ်ကြောင်း၊ ဖတ်ပြီးသောအသံဖိုင်ကို ပြန်လည်ပေးပို့ရမှာဖြစ်ကြောင်း၊ မိမိတို့ဖတ်ပြလိုသော စာအုပ်များကိုလည်း ပေးပို့နိုင်ကြောင်း၊ အသံအလှူရှင်များအနေဖြင့် စာအုပ်များကို ပြီးဆုံးအောင် ဖတ်စေလိုကြောင်း၊ အခြားသူများနှင့် ပူးပေါင်းပြီးလည်း ဖတ်ပြနိုင်ကြောင်း အသိပေးမျှဝေခဲ့သည်။<br><br>အသံလှူဒါန်းလိုပါက ဆက်သွယ်ရန်- ဦးဇော်ဇော်နိုင်၊ ဖုန်းနံပါတ်- 09 258649770, ရပ်ကွက်ကြီး (၁)၊ ရင်ငယ်ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊<br><br>• အောက်တိုဘာလ ၁၁ ရက်နေ့သည် UN က အသိအမှတ်ပြုသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးငယ်လေးများနေ့ ဖြစ်ကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "My voice, our equal future" "ကျွန်မအသံက ကျွန်မတို့ရဲ့ အနာဂါတ်" ဖြစ်ကြောင်း၊ ၁၈နှစ်အောက်အမျိုးသမီးငယ်လေးများကို ရည်ရွယ်ထားကြောင်း၊ ယခုနှစ်မှာတော့ အခမ်းအနားများဖြင့် မကျင်းပနိုင်ကြောင်း၊ မိန်းကလေးငယ်လေးများကို ၎င်းတို့၏အနာဂါတ်အတွက် ခွန်အားဖြစ်စေရန်၊ စိတ်ဓါတ်တက်ကြွစေရန် အားပေးသည့်လှုပ်ရှားမှုများကို အွန်လိုင်းကတဆင့် ပါဝင်ပေးကြဖို့ တိုက်တွန်းပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် ၁၈နှစ်အောက်ကလေးများကို အင်တာဗျူးလုပ်ထားကြောင်း၊ ဗီဒီယိုဖိုင်များကို အဖွဲ့၏ Good Shepherd Myanmar Foundation facebook page တွင် တင်သွားမှာဖြစ်ကြောင်း၊ အင်္ဂလိပ်စာတမ်းထိုးရန်လည်း စီစဉ်နေကြောင်း ပြောကြားခဲ့သည်။ |
| **MNNCA**<br><br>• MNNCA အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ မတ်လ၁၉မှ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ စတင်ဖွဲ့စည်းချိန်က အဖွဲ့ဝင်များပူးပေါင်းပါဝင်ပြီး ဝိုင်းဝန်း ဆောင်ရွက်နေကြောင်း၊ စက်တင်ဘာလ၁ရက်နေ့တွင် အစည်းအဝေးခုကျင်းပခဲ့ပြီး အဖွဲ့ကို တာဝန်ခံရန် အမှုဆောင်အဖွဲ့ကို ရွေးချယ်တာဝန်ပေးထားကြောင်း၊ ပုံမှန်လုပ်ဆောင်နေသည်များအပြင် အဖွဲ့အနေဖြင့် လှည်းကူးနှင့်မှော်ဘီမြို့နယ်ရှိ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာပြီး ရွှေ့ပြောင်းခိုလှုံနေထိုင်ကြသူများအတွက် စီမံချက်တခုကို လုပ်ဆောင်နေကြောင်း၊ စီမံချက်ထဲတွင် မပါဝင်သော အခြားလိုအပ်ချက်များလည်း ရှိနေကြောင်းနှင့် မိမိတို့တက်နိုင်သရွေ့ ဖြည့်ဆည်းပေးနေကြောင်း ကိုရန်နိုင်ဌေးက ပြောကြားခဲ့သည်။ |
| <u>Thirst Aid</u><br><br>• ယခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ အဖွဲ့၏ Strategy ကို ပြောင်းထားကြောင်း၊ အလှူရှင်အဖွဲ့အစည်းအား မှီခိုမှုကို လျှော့ချရန်ဖြစ်ကြောင်း၊ water safety plan , community Dialogue တို့ကိုလည်း လုပ်ဆောင်ခဲ့ကြောင်း မနှစ်က Gender နှင့် WASH သင်တန်းတို့ကို အခမဲ့ပေးခဲ့ကြောင်း၊ ယခုနှစ်တွင် သင်တန်းများကို နားထားကြောင်း၊ Social Enterprise ကို လုပ်ဆောင်နေကြောင်း၊ အဖွဲ့က ထုတ်လုပ်သည့် မြေရေစစ်အိုးများကိုလည်း ရောင်းပါကြောင်း၊ အဓိကအားဖြင့် မြေပေါ်ရေ (မိုးရေ၊ စည်ပင်ရေ၊ ကန်ရေ၊ မြစ်ရေ၊ ချောင်းရေ)တို့အတွက် ပိုမိုသင့်တော်ကြောင်း၊ PH Level ကို ထိန်းညှိပေးခြင်း၊ ပိုးမွှားများကို ဖယ်ရှားပေးခြင်းတို့ကို အဓိက လုပ်ဆောင်ပေးကြောင်း၊ အဝီစိရေတွင် |

ပါဝင်သော Chemicalများကိုတော့ အားလုံးမစစ်ထုတ်ပေးနိုင်ကြောင်း ရေနှင့်ပတ်သက်သော သင်တန်းများလည်း ပေးကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ပါက ကူညီပေးမည်ဖြစ်ကြောင်း၊ MNNCA က လုပ်ဆောင်နေသည့် လှည်းကူးတွင် လိုအပ်ပါက ကူညီပေးမည်ဖြစ်ကြောင်း၊ သောက်ရေအတွက် ထိုဒေသရှိရေသည် မြေရေစစ်အိုးနှင့် သုံး၍ အဆင်ပြေပါက လှူဒါန်ပေးမည်ဖြစ်ကြောင်း ဒေါ်သင်းနွယ်စိုးက ပြောကြားခဲ့သည်။

## Land Core Group

- အမျိုးသား မြေယာဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် အမြင်သဘောထားများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန် စတင်လုပ်ဆောင်သည် အစည်းအဝေးကို စက်တင်ဘာလ ၁၆ရက်နေ့၊ မွန်းလွဲ ၁နာရီတွင် Zoom မှတဆင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အားလုံးရဲ့ အမြင်သဘောထား ၊ နားလည်မှု၊ စိုးရိမ်းမှု နှင့် လက်တလောလုပ်ဆောင်နေမှုများအား ကြိုတင်သုံးသပ် ခြင်း နှင့် ဘုံနားလည်မှု တည်ဆောက်နိုင်ရန်အတွက် သာရည်ရွယ် ခြင်းဖြစ်ကြောင်း၊ ယခုတကြိမ်မှာ အချိန်တနာရီခန့်သာကြာမြင့်မည်ဖြစ်ကြောင်း၊ မေးခွန်းများမေးရန်လည်း အချိန်အနည်းငယ်သာ ပေးနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများအတွက် Zoom link ကို ပို့ပေးထားပါကြောင်း ကို အိုင်းဇက်က အသိပေးကြေညာခဲ့သည်။

## The Leprosy Mission Myanmar

- အနာကြီးနှင့် မသန်းစွမ်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်နေကြောင်း၊ စီမံချက်တခုအနေဖြင့် မသန်စွမ်းသူများအားလုံးအကြုံးဝင်ပါဝင်စေဖို့ လုပ်ဆောင်နိုင်မည့် Toolkit တခုကို ထုတ်ထားပါကြောင်း၊ အဖွဲ့အစည်းများအား မျှဝေပေးချင်ကြောင်း၊ ယခုပြုလုပ်သည့် ပုံမှန်အစည်းအဝေး (သို့မဟုတ်) သီးသန့် ပြုလုပ်ချင်ကြောင်း၊ စာအုပ်နှင့် အသုံးပြုပုံတို့ကို မိတ်ဆက်ပေးလိုကြောင်း ဒေါ်ဇင်မာသိမ့်က တင်ပြခဲ့သည်။
- အောက်တိုဘာလထဲတွင် ကျင်းပမည့်အစည်းအဝေးတွင် အချိန် နာရီဝက်ခန့်ယူပြီး ဆွေးနွေးသွားရန် ညှိနှိုင်းခဲ့ကြသည်။

## Communication Channel for the Meeting

- ယခုအစည်းအဝေးသည် အဖွဲ့အစည်း၊ အကြောင်းအရာစုံလင်သည့်အတွက် ပုံမှန်ကျင်းပသည့်အစည်းအဝေးမတိုင်မီ ဆွေးနွေးသတင်းပေးလိုသည်များရှိပါက ဆွေးနွေးနိုင်ရန် Messenger Group ကဲ့သို့သော Group ဖွဲ့ထားခြင်းရှိ/မရှိသိလိုကြောင်း၊ လိုအပ်သည်ဟု ထင်မြင်ကြောင်း ဒေါ်လူစီအောင်ရှန်းက အကြံပြုခဲ့သည်။ Messenger group မှာ သက်ဆိုင်ရာလုပ်ငန်းလုပ်ဆောင်နေမှုများအတွက် သီးသန့်ဖွဲ့ထားခြင်းများသာရှိကြောင်း၊ အားလုံးပါဝင်သော group မရှိသေးကြောင်း၊ လိုအပ်ပါက ပြုလုပ်ရန်မှာ လွယ်ကူကြောင်း ကိုရန်နိုင်ဌေးက ပြောကြားခဲ့သည်။ ဦးမျိုးမင်းထွန်းက ယခင်က လုပ်ထားသော Page ရှိကြောင်း ပြောကြားခဲ့သည်။ ဦးဖြိုးလှိုင်ဘွားက group များ အများကြီးဖြစ်ပြီး လူများလျှင်လည်း Messenger group က အဆင်မပြေကြောင်း၊ ထို့ကြောင့် အသိပေးတင်ပြလိုသည်များရှိပါက Myanmar NGO Network Facebook Page သို့ ပေးပို့ပြီး page မှ တင်ပေးပြီး ဆွေးနွေးအသိပေးလျှင် ပိုအဆင်ပြေနိုင်ကြောင်း အကြံပြုခဲ့သည်။
- Page ၂ခုကို ပေါင်းပြီး ၁ခုထဲ လုပ်ရန်ဆုံးဖြတ်ခဲ့သည်။

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

အစည်းအဝေးတက်ရောက်သူများစာရင်း

| No. | Name | Sex | Organization Name | Phone No. | E-mail Address |
|---|---|---|---|---|---|
| 1 | Naing Naing Aye | F | Ray of Lights | 09 40163 8406 | naingnaingaye406@gmail.com |
| 2 | Thiri May Kyaw | F | Myanmar Information Management Unit (MIMU) | 09774077762 | thiri.may.kyaw@undp.org |
| 3 | Phyo Hlaing Bwa | M | PNTH | 09 45911 872 | indian.jone@gmail.com |
| 4 | Kyi Kyi Sein | F | Khan Ti Foundation | 09 449002281 | kyisein195914@gmail.com |
| 5 | Yan Naing Htay | M | CBI | 09 799654124 | info@cbiinmyanmar.org |
| 6 | Aung Zaw Win | M | GLAD | 09 262 085 188 | agzawwin80@gmail.com |
| 7 | Aung Sian @ Lucy | F | Good Shepherd Myanmar Foundation | 09 250 176 572 | lucyrgs007@gmail.com |
| 8 | Htay Htay Win | F | The Leprosy Mission Myanmar | | hhwin@tlmmyanmar.org |
| 9 | U Kya Moo | M | MyanDHRRA | 09 5034483 | kyamoo08@gmail.com |
| 10 | ဦးဘော်ဟူးဆာ | M | မြန်မာနိုင်ငံလီဆူစာပေယဉ်ကျေးမှု ဗဟိုလူငယ်အဖွဲ့ | 09 256539427 | |
| 11 | Dr. Myint Myint Win | M | PATH | 09 5155447 | mwin@path.org |
| 12 | Win Theint Theint | F | Phyu Sin Satanar Action Group | 09 250153440 | wintheinttheint@pssagmm.org |
| 13 | U B Haung Ze | M | Mingalar foundation | 09257838960 | bmaorgann@gmail.com |
| 14 | Issac Kyaw Htun Hla | M | Land Core Group | 09 45002 9243 | isaackth@lcgmyanmar.org |
| 15 | Zin Mar Theint | F | The Leprosy Mission Myanmar | 09962139441 | zmtheint@tlmmyanmar.org |
| 16 | Thin Nwe Soe | F | Thirst-Aid | | thirstaid3@gmail.com |
| 17 | War War Linn Tun | F | Friendly Child | 09255979181 | war2linhtun@gmail.com |
| 18 | Myo Min Tun | M | MPSWA | 09261874560 | info@myanmarsocialworkers.org |